# ကြေးမုံ

**The Mirror**

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ အင်္ဂါနေ့၊ (20-3-2007) (၂၆၇)




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Colonel Richard Q Lagrana PA (GSC)အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံ စစ်သံမှူး Colonel Richard Q Lagrana PA (GSC) အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက် ကြသည်။ (သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Colonel Richard Q Lagrana PA (GSC)အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၀-၃-၂၀၀၇
(အင်္ဂါနေ့)

# စက်ရုံအလိုက် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

ယနေ့ကာလတွင် နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ စက်မှုဇုန်များထူထောင်ခြင်း၊ စက်ရုံ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းတို့နှင့်အတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေး အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများ ပါဝင်လျက်ရှိကြောင်း တွေ့ရသည်။ စက်မှုလုပ်ငန်းအလိုက်၊ စက်ရုံအလိုက် လျာထားချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသကဲ့သို့ အများပြည်သူနှစ်ခြိုက်သော ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

ကျောက်ဆည်စက်မှုနယ်မြေတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) အပါအဝင် အပ်ချုပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ သကြားလုံးစက်ရုံတို့ကို တည်ဆောက်ထားပြီး ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့၌ တော်ဝင် ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်) ကို မတ်လ ၁၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ သွင်းကုန်ပစ္စည်းအစားထိုးနိုင်ရန်၊ ပြည်တွင်း၌ ပလတ်စတစ်ထုပ်ပိုးအိတ်များ လုံလောက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်စေရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင် ကီလိုဂရမ် ၅၀ ဝင် ပလတ်စတစ် ရက်ထည်အိတ် ၁၇ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ရာ ကုန်ပစ္စည်းများ ထုပ်ပိုး သယ်ယူပို့ဆောင်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

စက်ရုံ အလုပ်ရုံများအနေဖြင့် ဈေးကွက်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ရေး၊ အဝယ်လိုက်သောပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကိုလည်း အထူးဂရုပြုကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများထူထောင်ပြီး ခေတ်မီစက်ပစ္စည်းများထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံကြီးများ အပါအဝင် စားကုန်သောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းစက်ရုံ အများအပြားကို တည်ဆောက်ထားရှိပြီးဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံအလိုက် ကုန်ပစ္စည်းများကို စက်စွမ်းအားပြည့် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လိုအပ်ချက်ကို ပိုမို အထောက်အကူပြု ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါသည်။ ။




အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ အရှေ့ရန်ကင်း တိုက် ၂၆၁ နေ ကွယ်လွန်သူ မိခင် ဒေါ်ခင်စုမေ တစ်နှစ်ပြည့်နှင့် ပါပါ ဦးလှဖေ ခြောက်နှစ်ပြည့်၊ သား ဦးလှသွင်၊ သမီး ဒေါ်ထီလာတို့အား ရည်စူး၍ ကျန်ရစ်သူ သား သမီး မြေး မြစ် မိသားစုတို့က အလှူတော်ငွေ အမေရိကန် ဒေါ်လာ ၁၂၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## မျက်နှာတော်သစ်ရေ ဆက်ကပ်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားအား မျက်နှာတော်သစ်ရေ ဆက်ကပ်စဉ်။ (သတင်းစဉ်)

# ဇလွန်မြို့ ပြည်တော်ပြန်ဘုရား တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော် တိုင်းမှူးဖွင့်လှစ် ဓနုဖြူမြို့နယ် ပိုင်စွန်နန်း-သဘောသပြု ကျောက်ချောလမ်းဖွင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၁၉

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၄ နာရီခွဲတွင် ဟင်္သာတခရိုင် ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားအား မျက်နှာတော်သစ်ခြင်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများကို တိုင်းမှူးက ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူး၏ဇနီး အဖွဲ့ဝင်များက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။**

၎င်းနောက် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်ကို နံနက် ၇ နာရီတွင် တိုင်းမှူးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

### မှာကြား

ထို့နောက် တိုင်းမှူးနှင့်ဇနီးအဖွဲ့ဝင်များသည် ဇလွန်မြို့ သံလွင်ကွင်းရှိ ခြံစည်းရိုးကြက်ဆူ မျိုးစေ့ ၃၀၀၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ကွမ်းကျေးရွာအုပ်စုတွင် မတ်ပဲ၊ နေကြာသီးညှပ်နှင့် ကန်သင်းဘောင်ပဲကြီးစိုက်ခင်းစပေါင်းရိတ်သိမ်းမှုကို လည်းကောင်း၊ ဇလွန်-ဓနုဖြူလမ်းပိုင်း မိုင်တိုင်အမှတ် (၂၂/၂မှ ၂၂/၆အထိ) တာပေါင်မြှင့် မြေကြီးလုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး အဖွဲ့ဝင်များသည်(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဓနုဖြူမြို့နယ် ပိုင်စွန်နန်း-သဘောသပြု ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ကျေးလက်သားဖွားခန်းကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုအားပေး

ထို့နောက် ဓနုဖြူမြို့ ရေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော် ကြည်ညိုကာ အကျော်ကျေးရွာသို့ရောက်ရှိပြီး တိုင်းမှူးသည်ဒေသခံတောင်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားပြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

### ဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ပန်းတနော်မြို့နယ် ဓနော်ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ ရှေးဦးစွာပန်းတနော်မြို့နယ် ဥက္ကဋ္ဌ ဦးမြဦး၊ ကျုံပျော်မြို့နယ် ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဆန်းတို့၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြားပြီး ဒေသခံတောင်သူများအား စိုက်ပျိုးရေးဖြင့်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## နိကာယ်သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြု အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)က အစိုးရနိကာယ် စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့်သူများအတွက် ခုဒ္ဒကနိကာယ်ဝိနယ ပိဋကတ်လာ ဝိနည်းငါးကျမ်း ပါဠိတော်များကို ဧပြီ ၂၂ ရက်မှစ၍ ပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဆရာတော် ဖုန်း-၀၁-၃၈၃၄၂၇၊ ၀၉-၅၁၃၉၃၀၇ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။(က-ပ)

## တံတားမြို့ အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၂၀၀၆ ခုနှစ်အထိ အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးကြသော ဆရာကြီး၊ ဆရာမကြီး ၃၈ ဦးတို့အား ပူဇော်ကန်တော့ပွဲကို ဧပြီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သီရိရတနာခန်းမ အထက တံတားမြို့တွင် ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း) ဖုန်း-၀၁-၅၇၉၅၄၂၊ ဦးထွန်းလှရွှေ ဖုန်း-၀၅၆-၂၅၀၇၀၊ ဗိုလ်ကြီးတင်ယု ဖုန်း-၀၁- ၇၂၈၂၇၁၊ ၀၉-၅၁၈၃၃၅၄၊ ဆရာမဒေါ်သန်းငွေ ဖုန်း-၀၁-၆၆၁၉၆၇၊ ဒေါ်မြစမ်း ဖုန်း-၀၁-၅၄၃၄၅၂၊ ဒေါ်ဝင်းမြင့် ဖုန်း-၀၉-၅၁၃၂၆၁၃၊ ဒေါ်စန်းစန်းနွယ် ဖုန်း-၀၁-၅၄၃၈၂၆၊ ၀၉-၉၉၇၂၅၃၇၊ ဦးလှဝင်း (ကျောင်းအုပ်ကြီး၊ အထက တံတားမြို့) ဖုန်း-၃၃၃၅၄၅၃၊ ၃၃၃၅၄၅၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)




## ဆေးရုံသစ်အတွက် လှူဒါန်း

ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ ဦးသန်းလွင်-ဒေါ်ခင်မြအေး၊ ညီမ မမြင့်ကြည်၊ သမီး မနွဲ့ယဉ်ဝင်း၊ သား ဖြိုးမင်းဟန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ် ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

# ပန်းနိုင်ငံ၏ ပန်းပြည်နယ်

**ရတနာစည်ဆရာတော် (လွိုင်လင်)**

## ပန်းနိုင်ငံ

ပန်းဟူသည် အရောင်အသွေးရှိခြင်း၊ လှပခြင်းနှင့် ပွင့်လန်းခြင်းဟူသော ဂုဏ်ရည်သုံးရပ်ရှိရမည့်အပြင် အမြင့်ဆုံးဂုဏ်ရည်ထူးအဖြစ် မွှေးကြိုင်သင်းပျံ့ခြင်းနှင့်လည်း ပြည့်ဝရမည်ဖြစ်၏။ သို့မှသာ ဆံကေသာ ကျော့ကျော့မှာ မော့မော့စံမြန်းသည့် ပန်းမည်ပါ၏။

ပန်းများကို လူသားနှင့်တင်စား၍ ပန်းနှင့်တူသူ လူသားများနေထိုင်ရာ မြေကိုလည်း ပန်းမြေ(သို့မဟုတ်) ပန်းနိုင်ငံဟု ဆိုနိုင်သည်သာဖြစ်၏။ သို့ဆိုလျှင် ဤပြည်ထောင်စုမြန်မာနိုင်ငံသည် ပန်းနိုင်ငံ ဖြစ်ပါသည်ဟု ဤအရှင်တို့ ဆိုပါမည်။

## မြန်မာ့ပန်းအရောင်အသွေး

မြန်မာဟူသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ကို ခြုံခေါ်သော သဗ္ဗနာမ်ဖြစ်၏။ ယင်းမြန်မာသည် ထွားသန့်လာပြီးနောက် အမေကိုချစ်၏။ အဖေကိုချစ်၏။ ကိုယ့်အထက်မှ အစ်ကို၊ အစ်မများကိုချစ်၏။ ကိုယ့်အောက်မှ ညီ၊ ညီမများကို ချစ်၏။ သို့ဖြင့် ချစ်ခြင်းတရားသည် တစ်မိသားစုလုံး၊ တစ်အိမ်လုံးအထိပြန့်၏။ ထိုမှ အိမ်နီးချင်းများအထိ ပြန့်ပွားပြီး တစ်ရွာလုံး၊ တစ်ရပ်လုံး၊ တစ်မြို့လုံး၊ တစ်နယ်လုံး တစ်နိုင်ငံလုံးအထိ ချစ်ခြင်းတရား ပြန့်ပွား၏။

**ယင်းချစ်ခြင်းတရားကို မူလဘူတပြု၍ တစ်နိုင်ငံလုံး အေးချမ်းသာယာစေလိုသော ဆန္ဒဇော၊ နိုင်ငံကို မည်သူ၏ အနှောင့်အယှက်မှ မခံလိုသော ဆန္ဒဇော၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကောင်းကျိုးတိုးပွါးမှုကိုသာ မြင်လို၊ ကြားလို၊ ဖြစ်စေလိုသော ဆန္ဒဇောတို့သာ ခဏမစဲ စောလျက်ရှိနေ၏။ ယင်းဇောစိတ်ကို အမည်တပ်သော မျိုးချစ်စိတ်ဟု ဖြစ်လေ၏။ ယင်းမျိုးချစ်စိတ်များ သိပ်သိပ်သည်းသည်း ပေါင်းစည်းကျစ်လျစ်သလောက် မြန်မာ့ပန်းအရောင်အသွေးလည်း တောက်ပရွှန်းလဲ့လေ၏။**

## မြန်မာ့ပန်းအလှ

မြန်မာသည် မြတ်ဗုဒ္ဓ၏အဆုံးအမများကို နှလုံးသားဖြင့်ခံယူနိုင်စွမ်းရှိခဲ့၏။ ထို့ကြောင့် မြန်မာ့နှလုံး သား၌ ဓမ္မအလှတရားတို့သည် လျှံဝေယိုစီး နေတော့သည်။

ရတနာသုံးပါးအပေါ်၊ မိဘများအပေါ်၊ ဆရာများအပေါ် လေးလေးစားစား သဘောထားဆက်ဆံတတ်သည့် ဂါရဝအလှမှတစ်ဆင့် ရပ်ရွာအကြီးအကဲ၊ ဒေသအကြီးအကဲ၊ နိုင်ငံအကြီးအကဲများအပေါ် လေးလေးစားစား သဘောထားတတ်သည့် ဂါရဝအလှတရားအထိ အလှအဆင့်ဆင့် မြင့်မားစွာတည်ရှိ၏။ ယင်းအလှတရားတို့နှင့်အတူ မကောင်းသူကြဉ် ကောင်းသူခင်တတ်သော ဆက်ဆံမှုအလှ၊ မကောင်းမှုကြဉ် ကောင်းမှုယှဉ်တတ်သော ဆင်ခြင်တုံအလှ၊ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးတတ်သည့် ဝီရိယအလှတို့ဖြင့် မြန်မာသည် အလှတကာတို့တွင် အထွတ်တင်လေ၏။

## မြန်မာ့ပန်းအပွင့်

ပန်းဟူလျှင် ပွင့်မှ ပိုလှ၏။ နှုတ်ခမ်းဟူလျှင် ပွင့်မှသာပိုလှ၏။ မြန်မာ့နှုတ်ခမ်းလွှာသည် ပြုံးပွင့်တို့ဖြင့် အစဉ်ထာဝရ လန်းလျက်ရှိ၏။ မြန်မာ့မြေဝယ် ပြုံးပန်းတို့ဝေနေပုံကို မျက်မြင်တွေ့ ထိတွေ့ရသောအခါ နိုင်ငံတကာသားတို့သည် တအံ့တအား တမြတ်တနိုး ညွတ်နူးကြရကုန်၏။

ယင်းပြုံးပွင့်အပြင် အခြားဝိသေသပြုံးပွင့်တစ်ပွင့်လည်း ရှိသေး၏။ မြန်မာ့နှုတ်ခမ်းလွှာ၏ ပြုံးပွင့်မဟုတ်သော မြန်မာ့လက်ရုံး၏ ပြုံးပွင့်ဖြစ်၏။ သတ္တိပန်းပွင့်လန်းလျက်ရှိနေခြင်းကို ဆိုလိုပါသည်။ မြန်မာသည် ဘယ်သောကာလမှာမဆို ရန်အန္တရာယ်ကို အရှုံးမပေးတတ်။ အနှောင့်အယှက်ကို စိတ်မပျက်တတ်။ အဖျက်အဟန့်ကို စိတ်မလန့်တတ်၊ သတ္တိရှိရှိ အမှန်တရားလမ်း၌ လျှောက်လှမ်းနေတတ်သူများဖြစ်ကုန်၏။

ပြုံးပွင့်တဝေဝေဖြင့် မိတ်ဆွေလူကောင်းဟု သူ့အပေါ်သဘောထားပါလျက် သူကတစ်စုံတစ်ခု ရန်ပြုလာပါမူကား လက်ရုံး၏သတ္တိပန်းက ချက်ချင်းလန်းပွင့်လာလေ့ရှိသည့်နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပါသည်။

**ယင်းသို့သော မြန်မာ့ပန်းအရောင်အသွေး၊ မြန်မာ့ပန်း အလှအပ မြန်မာ့ပန်း အပွင့်အလန်းတို့ကြောင့် မြန်မာနိုင်ငံသည် ပန်းနိုင်ငံ-နိုင်ငံသားတို့သည် ပန်းလူသားများအဖြစ် သမိုင်းတစ်လျှောက် ထွန်းတောက်ထိန်လင်းသည့် ဂုဏ်သတင်းတို့ဖြင့် ထုံသင်းကြိုင်လှိုင်ခဲ့ရာ ယနေ့တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံ့အရောင်အသွေး၊ နိုင်ငံ့အလှအပ၊ နိုင်ငံ့အပွင့်အလန်းတို့ သိန်းသန်းကုဋေ ဝေလာနေပုံများကား ပြောမကုန် ရေးမခန်းပါပေ။**

## ပန်းမြေပုံ

မြန်မာနိုင်ငံ၏ မြေပုံကို ရုတ်တရက်ကြည့်လျှင် ပန်းပွင့်တစ်ပွင့်နှင့်တူနေကြောင်း ကြည့်တတ်သူ မြင်လိမ့်မည်။ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့က ပန်းပွင့်၏ အညှာသဖွယ်ဖြစ်ကာ အထက်လက်ဝဲဘက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အစပ်၊ အထက်လက်ယာဘက် ရှမ်းပြည်နယ် အရှေ့စွန်းတို့က ဝဲ-ယာပွင့်ဖတ်များသဖွယ်ဖြစ်ပြီး စစ်ကိုင်းတိုင်း(အထက်)နှင့် ကချင်ပြည်နယ်တို့က ပန်းပွင့်၏ ထိပ်ဖူးငုံသဖွယ် တည်ရှိနေသည်မှာ တကယ့်ရတနာပန်းပွင့်ကြီးတစ်ပွင့်ဖြစ်လျက်ရှိနေပါသည်။

သွယ်လျသော ညှာတံအထက် ဝဲ-ယာပွင့်ဖတ်များနှင့်အတူ ဖူးငုံကြွကြွ အလှကုဋေ မြန်မာ့မြေ၊ တိုင်းရင်းသားတွေ ပြုံးပွင့်ဝေ ဘယ်သူခြွေခြွေ ဘယ်မကြွေ။

## ပန်းထောင်ပွင့်ကြွယ် ရှမ်းပြည်နယ်

မြန်မာ့မြေပုံ၏ လက်ယာဘက်ပွင့်ဖတ်သဖွယ် ဖြစ်တည်လျက်ရှိသည့် ရှမ်းပြည်နယ်သည်ကား စတုရန်းမိုင်ပေါင်း ၆၀၁၅၅ အကျယ်အဝန်းဖြင့် တင့်ရွှန်းလှပစွာ မြန်မာ့အရှေ့မျက်နှာအဖြစ် တည်ရှိ၏။ တိုင်းရင်းသားမျိုးနွယ်စုအများအပြား စုစုစည်းစည်း ချစ်ချစ်ခင်ခင် ယှဉ်တွဲနေထိုင်တည်ရှိကြရာ ပြည်ထောင်စုငယ်တစ်ခုသဖွယ် ဖြစ်လေ၏။

တောင်လည်းသာမော၊ တောလည်းသာနေ၊ ရေလည်းသာစွ၊ အလှပွင့်ကြွယ် ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့သည်ကား အလှပဆုံးမြို့တော်၊ အသန့်ရှင်းဆုံး မြို့တော်၊ ရှုခင်းအသာဆုံးသောမြို့တော်ကြီးအဖြစ် သစ်လွင်တောက်ပလာလျက်ရှိနေပြီ။ ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့တော် လားရှိုးမြို့နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့တော် ကျိုင်းတုံမြို့တို့သည်လည်း ယနေ့တပ်မတော်အစိုးရလက်ထက် ရောက်လာမှသာ တောက်ပဝင့်ဝဲသည့် မြို့ကြီးများဖြစ်လာလျက်ရှိ၏။

ရှမ်းပြည်နယ်တစ်ခုလုံး စုစုပေါင်းခရိုင် ၁၂ ခရိုင်၊ မြို့နယ် ၅၄ မြို့နယ်၊ မြို့ ၅၄ မြို့၊ ရပ်ကွက် ၃၃၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆၂၆ အုပ်စု၊ ကျေးရွာ ၁၅၅၁၃ ရွာတို့၌ လူဦးရေပေါင်း ၅၂၆၃၀၀၀ ခန့် နေထိုင်လျက်ရှိကြရာ ပျမ်းမျှလူဦးရေသိပ်သည်းမှု နှုန်းအားဖြင့် တစ်စတုရန်းမိုင်မှာ ၈၈ ယောက်ဖြစ်ပါသည်။ လူတစ်ဦးချင်း သက်သောင့်သက်သာ ကျယ်ကျယ်ပြန့်ပြန့် လေကောင်းလေသန့် သန့်ပြန့်သော လူနေမှုဘဝဖြစ်ပါသည်။

အလှူအတန်းရက်ရောသော ရှမ်းပြည်နယ်သားတို့၏ အိမ်တိုင်းဝယ် အိမ်ကျက်သရေဆောင်သည် ဘုရားဆောင်ပင်ဖြစ်တော့သည်။ ဘုရားဆောင်၌ ကိုးကွယ်ထားသော ရုပ်ပွားတော်အား နံနက်မှာဆွမ်း၊ ညရေချမ်း ပန်းတလွင်လွင် သဒ္ဓါဆင်ထားသည်မှာ နေ့စဉ်နိစ္စဘတ်ဖြစ်တော့သည်။ မြို့တိုင်း၊ ရွာတိုင်း ရဟန်းသာမဏေများအား ပစ္စည်းလေးပါး အဆက်မပြတ် လှူဒါန်းခြင်း၊ အခါကြီးရက်ကြီးများတွင် ဘုရားသွား ကျောင်းတက် ဝတ်မပျက်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပေါင်းစုညီညာစွာ ပြုတတ်ကြခြင်းတို့သည် ရှမ်းပြည်နယ်၏ အလှတစ်သွယ် ဖြစ်တော့၏။

ကုသိုလ်ရေး၌ စည်းလုံးခြင်း၊ လူမှုရေး၌ စည်းလုံးခြင်းတို့ဖြင့် စည်းစည်းလုံးလုံး စုစုရုံးရုံးဖြစ်တည်ခဲ့သော အနေအထားဝယ် လွတ်လပ်ရေးအကြို ခရီးတစ်လျှောက် ပင်လုံဒေသတွင် ပြည်ထောင်စုစိတ်ဓာတ် ပြန်လည်နိုးကြားခဲ့ရသော သမိုင်းပွင့်သည်လည်း ရှမ်းပြည်နယ်၏ အလှတစ်ပွင့်ပင် ဖြစ်၏။ ရှမ်းပြည်နယ်မှာ စတင်၍ ပြန်လည်ရှင်သန်ခဲ့ရသော ယင်းပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုရှင်သန်အောင်၊ ပိုမိုခိုင်မာအောင်၊ ပိုမိုကျယ်ပွားအောင် ရှမ်းပြည်နယ်သား (ဓာတ်၊ ပဝတ္တိ)အားလုံး၌ ပိုမိုတာဝန်ရှိသည်ဟူသော အသိမှန်၊ အမြင်မှန်ကို သားစဉ်မြေးဆက် အမွေပေးအပ်နိုင်ရန်ကား ယနေ့ရှမ်းပြည်နယ်ရှိ မိဘတိုင်း၏တာဝန်ဖြစ်တော့သည်။

**ဒေသစွဲ၊ လူမျိုးစွဲ စိတ်မျိုးလုံးဝကင်းစင်စေလျက် လူမျိုးပေါင်းတစ်ရာကျော် နေပျော်ရာ ဒို့ပြည်ထောင်စုအဖြစ် ပြည်ထောင်စုချစ်စိတ်များ နိုင်ငံသားအားလုံး နိုးကြားရှင်သန်နေကြရပါမည်။**

**ယနေ့တပ်မတော်အစိုးရအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှု ကျဉ်းမြောင်းစေကာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေး အဖုံဖုံတို့ကို နိုင်ငံလွှမ်းခြုံ ကဏ္ဍစုံ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုပါ အမြော်အမြင်ရှိရှိ အချိတ်အဆက်မိမိ ထိထိရောက်ရောက် ကွက်လပ်မကျန် ဆောင်ရွက်ပေးနိုင်လျက်ရှိသောကြောင့် ဒေသခံများ၊ တိုင်းရင်းသားများ၊ ပြည်သူများအားလုံး ပြည်ထောင်စုကြီးတစ်ခုလုံးကိုပါ လွှမ်းခြုံမြင်တတ်၊ မြတ်နိုးတတ်သည့် မြင့်မြတ်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာလာကြကုန်ပြီ။**

ယနေ့တပ်မတော်အစိုးရ နယ်စပ်ဖွံ့ဖြိုးရေးဒေသ ၁၀ ခုဖွင့်ကာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးခဲ့သည့် ငွေကြေးတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၆၃၄၇ ဒသမ ၇၃ သန်း ဖြစ်ပါသည်။ (၂၀၀၅-အထိသာ)။

ယင်းနှင့်တစ်ဆက်တည်း တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ရှမ်းပြည်နယ်အလယ်ပိုင်း၌ ကွက်လပ်သဖွယ် ကျန်ရစ်နေသော ပင်လုံဟူသည့် ဒေသကြီးလေးခုကို အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအတွင်း ထည့်သွင်းလျက် တက္ကသိုလ်ကြီးတစ်ခုစီ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် တစ်ခုစီအပြင် ခုတင် ၂၀၀ အထူးကု ဆေးရုံကြီးတစ်ရုံစီတို့ကို တည်ဆောက်ဖြည့်ဆည်းပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက် (၅)ရပ်နှင့်ပါ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သောကြောင့် ယနေ့ရှမ်းပြည်နယ်သည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ထက် အဘက်ဘက်မှာ တိုးတက်သာယာနေလေပြီ။ ဒေသခံပြည်သူများအားလုံးအနေဖြင့် ပြည်ထောင်စုကြီး တစ်ခုလုံးကိုပါ ကြည့်တတ်၊ မြင်တတ် မြတ်နိုးတတ်သော မြင့်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်များ မြင့်မြင့်မားမား ဝင့်ဝင့်ထွားထွား စွင့်ကားလန်းပွင့်နေပါချေပြီ။

သို့ဖြင့် ပန်းနိုင်ငံ၏ ပန်းပြည်နယ်အဖြစ် ထွန်းသစ်လာလျက်ရှိသော ပန်းထောင်ပွင့်ကြွယ် ရှမ်းပြည်နယ်ထဲမှ ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မြင့်မြေ၌ ပန်းထောင်ပွင့်ဝေနေပုံတို့ကို ဆက်လက်၍ ကိုယ်တွေ့မှတ်တမ်းတင်ပါဦးမည်။ ။

**ယနေ့တပ်မတော်အစိုးရအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှု ကျဉ်းမြောင်းစေကာ တစ်ပြေးညီဖွံ့ဖြိုး တိုးတက်လာအောင် တည်ဆောက် ရေး အဖုံဖုံတို့ကို နိုင်ငံလွှမ်းခြုံ ကဏ္ဍစုံ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုပါ အမြော်အမြင်ရှိရှိ အချိတ်အဆက်မိမိ ထိထိရောက်ရောက် ကွက်လပ်မကျန် ဆောင်ရွက်ပေးနိုင်လျက်ရှိသောကြောင့် ဒေသခံများ၊ တိုင်းရင်းသားများ၊ ပြည်သူများအားလုံး ပြည်ထောင်စုကြီးတစ်ခုလုံးကိုပါ လွှမ်းခြုံမြင်တတ်၊ မြတ်နိုးတတ်သည့် မြင့်မြတ်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာ လာကြကုန်ပြီ။**

# အရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများတွင် သစ်တောပျက်စီးပြုန်းတီးမှု လျော့နည်းလာ

ရောမ မတ် ၁၈

**အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် သစ်တောပြုန်းတီးမှု လျော့နည်းလာကြောင်း၊ အဘယ်ကြောင့် ဆိုသော် ယင်းဒေသရှိ နိုင်ငံများတွင် သစ်တော စီမံခန့်ခွဲမှုလုပ်ငန်းများ တိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ပြောကြားသည်။**

ကမ္ဘာတစ်ဝန်းရှိ သစ်တောများသည် ၁၉၉၀ပြည့်နှစ်နှင့် ၂၀၀၅ခုနှစ်အတွင်း သုံး ရာခိုင်နှုန်းအထိ ဆုံးရှုံးခဲ့သည်ဟု ကမ္ဘာ့သစ်တော မှတ်တမ်းများအရ သိရှိရသည်။ ယင်းကာလအတွင်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် သစ်တောပေါက်ရောက်သည့် မြေပမာဏ တိုးလာခဲ့သည်။

တရုတ်နိုင်ငံတွင် သစ်တောစိုက်ခင်း အများအပြားစိုက်ပျိုးခဲ့ရာ အခြားဒေသများတွင် သစ်တောပြုန်းတီးသည့်နှုန်းကို ကာမိစေခဲ့သည်အထိ သစ်တောဖြစ်ထွန်းမှုရှိခဲ့သည်ဟု ရောမအခြေစိုက် အက်ဖ်အေအိုအဖွဲ့က ပြောကြားသည်။ အရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများတွင် စီးပွားရေးမြင့်မားလာမှုက သစ်တောထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများအတွက် အထောက်အကူပြုပေးနိုင်ခဲ့ပြီး မြေဆီလွှာထိန်းသိမ်းရေး၊ ရေ၊ ဇီဝမျိုးကွဲများနှင့် အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအတွက် ပိုမိုအလေးထားလုပ်ဆောင်နိုင်ခဲ့ကြသည်။

အာဖရိက၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့တွင် သစ်တောအများအပြား ဆုံးရှုံးခဲ့သည်ဟု အစီရင်ခံစာတစ်ရပ်အရ သိရှိရသည်။

ကမ္ဘာ့သစ်တော၏ ၈၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့် အာဖရိကဒေသတွင် ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၅ခုနှစ်အတွင်း သစ်တောကိုးရာခိုင်နှုန်း ဆုံးရှုံးခဲ့သည်။

***အင်တာနက်။***



**ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ယဉ်ကျေးမှုပြတိုက်တစ်ခုကို မတ် ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

## ဘော်နီယိုကျွန်း၌ ကျားသစ်မျိုးစိတ်သစ် တွေ့ရှိ

**ဂျကာတာ မတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းပေါ်တွင် တွေ့ရသော ကျားသစ်မျိုးစိတ်တစ်မျိုးသည် ကျွန်းမကြီးပေါ်တွင် တွေ့ရသည့် ကျားသစ်မျိုးနှင့် မျိုးမတူဘဲ ကွဲပြားနေသည်ကို မျိုးဗီဇဒီအင်န်အေ (DNA) စစ်ဆေးရာမှ သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း မတ် ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

**ဖော်ထုတ်နိုင်**

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့၏ လေ့လာချက်အရ ယင်းကျားသစ်မျိုးသည် လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၄ သန်း အချိန်ကတည်းက မျိုးကွဲခဲ့ခြင်းဖြစ်မည်ဟု ဖော်ထုတ်နိုင်ခဲ့ကြသည်။

ဒီအင်န်အေလေ့လာရေးအရ ဘော်နီယိုကျွန်းတွင် တွေ့ရသော ကျားသစ်သည် မျိုးကွဲကျားသစ်မျိုးဖြစ်ကြောင်း ကောက်ချက်ချနိုင်သည်ဟု ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့မှ ပညာရှင် ဒေါက်တာအိုဘရယ်ဗာကေက ပြောကြားသည်။

ဘော်နီယိုကျားသစ်သည် အရွယ်အစားတူ အခြားကျားသစ်များနှင့်စာလျှင် စွယ်သွားအကြီးဆုံးဖြစ်ကြောင်း လေ့လာသူများက ပြောကြားသည်။

**နယ်မြေကျဉ်းမြောင်းလာ**

ဘော်နီယိုမုတ်သုံတောတွင် ဘော်နီယိုကျားသစ်ကောင်ရေ ၅၀၀၀ မှ ၁၁၀၀၀ အထိ နေထိုင်ကျက်စားဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းသည်။ ယခုအခါ ဘော်နီယိုကျွန်းပေါ်၌ သစ်ခုတ်လှဲမှု များပြားလာသည့်အတွက် ကျားသစ်များ ကျက်စားနေသည့်နယ်မြေ ကျဉ်းမြောင်းလာလျက်ရှိသည်။

ဘော်နီယိုကျွန်းဒေသကို ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ရန်ပုံငွေအဖွဲ့မှ လေ့လာခဲ့ရာ သတ္တဝါမျိုးစိတ်အသစ်ပေါင်း အများအပြားကို ရှာဖွေတွေ့ရှိခဲ့သည်။ အတိအကျဆိုရပါက သတ္တဝါမျိုးကွဲပေါင်း ၅၂ မျိုးကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းတို့အနက် ငါးမျိုးစိတ်အသစ်ပေါင်း ၃၀၊ ဖားနှစ်မျိုးနှင့် အပင်မျိုးစိတ်သစ်အချို့လည်း ပါဝင်သည်။

***အင်တာနက်။***



**ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားရုံသစ်ကို မတ် ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဗီယက်နမ်ကုမ္ပဏီများ ဂျပန်သို့ ဆန်တင်ပို့မည်

**ဟနွိုင်း မတ် ၁၈**

ဂျပန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇၀၅၀ တင်ပို့ရောင်းချရန် လေလံခေါ်ယူရာ၌ ဗီယက်နမ်ကုမ္ပဏီများ ရရှိသွားကြောင်း ဗီယက်နမ်ကုန်သွယ်ရေးအေဂျင်စီက မတ် ၁၅ ရက်တွင် ပြောကြားသည်။

ဗီယက်နမ် ကုမ္ပဏီများသည် ဆန်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၉ ဒသမ ၂၀ ဖြင့် ရောင်းချခွင့်ရရှိမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ပြန်ကြားရေးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံသို့ စုစုပေါင်း ဆန်တန်ချိန် ၄၅၀၅၀ ရောင်းချရန် ခေါ်ယူသည့် လေလံပွဲ၌လည်း ဗီယက်နမ်ဒေသဆိုင်ရာ ကုမ္ပဏီများကပင် ရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမ နှစ်လတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၃၁၆၀၀၀ ကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခဲ့သည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကျူးဘားတို့သို့ တင်ပို့သည်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရန် ၂၀၀၇ ခုနှစ်တွင် ဆန်တန်ချိန် လေးသန်းမှ ၄ ဒသမ ၅ သန်းသာ တင်ပို့ရောင်းချရန် ဗီယက်နမ် အာဏာပိုင်များက ဆုံးဖြတ်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ပါလက်စတိုင်းအစိုးရသစ် ဖွဲ့စည်းမှု တရုတ်နိုင်ငံ ကြိုဆို

ပေကျင်း မတ် ၁၈

**တရုတ်နိုင်ငံက ပါလက်စတိုင်းအမျိုးသားညီညွတ်ရေး အစိုးရသစ်ဖွဲ့စည်းမှုကို ကြိုဆိုကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်ဂန်က သောကြာနေ့တွင် ပြောကြားသည်။**

ပါလက်စတိုင်းဒေသရှိ ပါတီအဖွဲ့အစည်း အသီးသီးက အမျိုးသားညီညွတ်ရေးအတွက် ကြိုးပမ်းမှုများကို တရုတ်နိုင်ငံက တန်ဖိုးထားကြောင်း၊ ပါလက်စတိုင်းအစိုးရသစ် အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးမြှင့်ဆောင်ရွက်ရန် တရုတ်က မျှော်လင့်ထားကြောင်း ကင်ဂန်က ဆက်လက်ပြောကြားသည်။

ပါလက်စတိုင်း ညွန့်ပေါင်းအစိုးရဖွဲ့စည်းပြီးကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ်အဖြစ် လျာထားခံရသူ အစ္စမေးဟာနီယာက ကြာသပတေးနေ့တွင် ကြေညာသည်။

**ပါဝင်**

ယင်းအစိုးရအဖွဲ့တွင် ဖတာနှင့် ဟားမားစ်ပါတီတို့မှ ကိုယ်စားလှယ်များ၊ ပါလက်စတိုင်း လွတ်မြောက်ရေး ဒီမိုကရက်တစ်တပ်ဦး၊ ပါလီမန်ကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများ ပါဝင်သည်။ ပါလက်စတိုင်း ဥပဒေအရ ပါလက်စတိုင်း ဥပဒေပြုကောင်စီက ဝန်ကြီးအဖွဲ့သစ်ကို လာမည့်ရက်အနည်းငယ်အတွင်း အတည်ပြုပေးရမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျပန်နိုင်ငံ တိုကျိုမြို့ ကုန်စည်ပြပွဲတွင် နင်တန်ဒို ကုမ္ပဏီထုတ် ဗီဒီယိုဂိမ်းစက်သစ်တစ်မျိုးကို မတ် ၁၆ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




## ကိုလံဘီယာ၌ မိုင်းလုပ်သားများအား ပြန်ပေးဆွဲ

**ဘိုဂိုတာ မတ် ၁၈**

ကိုလံဘီယာနိုင်ငံမှ လက်ဝဲတိုက်ခိုက်ရေးသမားများသည် ဘူမိဗေဒပညာရှင် ကိုးဦးပါဝင်သည့် သတ္တုတွင်း တူးဖော်ရေးကုမ္ပဏီမှ ဝန်ထမ်း ၁၈ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘူမိဗေဒပညာရှင်များသည် ကိုလံဘီယာ အနောက်ပိုင်းဒေသတွင် ရွှေရှာနေကြသူများဖြစ်သည်။

**ခေါ်သွား**

ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေအာစီ)ဝင်များက မိုင်းလုပ်သားများကို ဘီတီမြို့အနီးရှိ တောတွင်းသို့ အင်္ဂါနေ့က ခေါ်သွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

## တိုယိုတာကားကုမ္ပဏီ ဖိလစ်ပိုင်၌ စက်ရုံတည်ဆောက်

**မနီလာ မတ် ၁၈**

ဂျပန်နိုင်ငံ တိုယိုတာ ကားကုမ္ပဏီသည် ဖိလစ်ပိုင်နိုင်ငံတွင် ယင်းကုမ္ပဏီ၏ စတုတ္ထမြောက်စက်ရုံ တည်ဆောက်ရန် မတ် ၁၅ ရက်က စတင်အုတ်မြစ်ချကြောင်း၊ ကားစက်ရုံသစ်အတွက် ရင်းနှီးမြှုပ်နှံငွေ ပီဆို ၅ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁၄ ဒသမ ၈ သန်း)ရှိကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း လာဂူနာပြည်နယ်တွင် ကားစက်ရုံကို တည်ဆောက်မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် တိုယိုတာကားကုမ္ပဏီ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံငွေမှာ ပီဆို ၁၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၂၅ ဒသမ ၄ သန်း)အထိ ရှိလာမည် ဖြစ်ကြောင်း အေဘီအက်စ်-စီဘီအင်န် ရုပ်မြင်သံကြားဌာနက သတင်းဖော်ပြသည်။ ***အမ်အမ်အေ၊ ဆင်ဟွာ။***





### အမှာစကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော်က ချီးမြှင့်သည့် (၂/၂၀၀၇) ထူးချွန်ဆုတံဆိပ် ရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

# ပြန်ကြားရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ကောင်းမွန်သော တီထွင်ကြံဆမှု အားထုတ်ကြိုးပမ်းမှုတို့ဖြင့် အမြဲဆန်းသစ်နေရန် ပူးပေါင်းဆောင်ရွက် အားပေးမြှင့်တင်

ရန်ကုန် မတ် ၁၉

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကား ပြောကြားပြီး နိုင်ငံတော်ကချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်ရရှိကြသူများနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေမန်နေဂျာ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများ၏ နှစ်ပတ်လည်နေ့ အခမ်းအနားများကို ရည်ရွယ်ချက်(၂)ရပ်ဖြင့် ကျင်းပလျက်ရှိကြောင်း၊ ပထမရည်ရွယ်ချက်မှာ ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့လုပ်ငန်းဌာနကိုပေးအပ်ခဲ့သည့် ရည်မှန်းချက်တာဝန်များအပေါ် မည်မျှအောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့သည်ကို ပြန်လည်သုံးသပ်ပြီး လာမည့်နှစ်တွင် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားစွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးမှာကြားလို၍ ဖြစ်ကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ ဝန်ထမ်း တစ်ဦးချင်းအလိုက် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုထက်မြက် မြင့်မားလာရန်အတွက် ချီးမြှင့်ထိုက်သူများကို အားပေးချီးမြှင့်ခြင်းဖြစ်ကြောင်း။

၂၀၀၅–၂၀၀၆ ခုနှစ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ရည်မှန်းချက် တာဝန်(၇)ရပ် ပေးအပ်ခဲ့ရာ ရည်မှန်းချက်တာဝန် အားလုံးနီးပါးအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ဆက်လက်၍ ယခုနှစ်အတွက် ရည်မှန်းချက် တာဝန်များကိုလည်း ပြည့်မီအောင်၊ ပို၍ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း၊ လုပ်ငန်းဌာနတစ်ခု၏ စွမ်းဆောင်အောင်မြင်မှုသည် အောက်ခြေဝန်ထမ်းများ အပါအဝင် အဆင့်ဆင့်သော ဝန်ထမ်းအားလုံး၏ နိုးကြားတက်ကြွမှု၊ တီထွင်ဖန်တီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုအပေါ်တွင် တည်မှီနေကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားအောင် ဆက်လက်ကြိုးပမ်းကြရန်နှင့် ဌာနတစ်ခုလုံး ပူးပေါင်းဆောင်ရွက်မှု ပိုမိုသွက်လက်ထက်မြက်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မီဒီယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျ ပုံမှန်ဆောင်ရွက်နေလျှင် ထိရောက်သောအောင်မြင်အကျိုးသက်ရောက်မှုရရှိမည် မဟုတ်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးနှင့် သတင်းအချက်အလက်ဆိုင်ရာကောင်းမွန်သော တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် အမြဲတမ်း ဆန်းသစ်နေအောင် ပူးပေါင်းဆောင်ရွက် အားပေးမြှင့်တင်သွားကြရန်ဖြစ်ကြောင်း၊ ၂၀၀၇–၂၀၀၈ ခုနှစ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ရည်မှန်းချက်လုပ်ငန်းတာဝန်(၉)ရပ် ချမှတ်ပေးထားကြောင်း၊ အဆိုပါ ရည်မှန်းချက်လုပ်ငန်းတာဝန်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယနေ့အခမ်းအနားတွင် ထူးချွန်ဆုရရှိသူများအနေဖြင့် ပိုမိုထူးချွန်အောင် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် ဝန်ထမ်းအားလုံး ကောင်းသောယှဉ်ပြိုင်မှုဖြင့် ပိုမိုထူးချွန်ထက်မြက်အောင် အားထုတ်ဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။



**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး နိုင်ငံတော်ကဖွင့်လှစ်သည့်သင်တန်းတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် (၂/၂၀၀၇) ထူးချွန်ဆုတံဆိပ်ရရှိကြသော ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ဒုတိယဆင့်)ရ ဂီတပညာရှင်များဖြစ်ကြသည့် ဦးမောင်မောင်လတ်၊ ဝဏ္ဏကျော်ထင် ဦးစိန်မြမောင်၊ ဦးစိန်လှမြိုင်နှင့် ဒေါ်တင်တင်မြတို့အား လည်းကောင်း၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်)ရ ကျွမ်းကျင်သူ ဦးသိန်းဟန်အားလည်းကောင်း၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်)ရ ဂီတပညာရှင်များဖြစ်ကြသည့် ဒေါ်ကြည်ကြည်(ခေါ်) ဒေါ်ဟသ်ာကြည်နှင့် ဦးသိန်းဆောင်တို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နိုင်ငံတော်က ဖွင့်လှစ်သည့် သင်တန်းများနှင့် ကျင်းပသော ပြိုင်ပွဲများဖြစ်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်းအမှတ်စဉ်(၃၂)တွင် သင်တန်းသူ ဒုတိယဆုရ အသံလွှင့်ဌာနခွဲမှ အသံလွှင့်ကျွမ်းကျင်(၂)ဒေါ်တင်တင်မြတ်၊(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ပညာရှင်အဆင့် စောင်းတီးပြိုင်ပွဲတွင် တတိယဆုရ အသံလွှင့်ဌာနခွဲမှ အနုပညာရှင်(၂) ဦးချမ်းသာ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်း အမှတ်စဉ်(၁/၂၀၀၆)တွင် ပထမဆုရ ရုပ်မြင်သံကြားဌာနခွဲမှ ရုပ်သံကျွမ်းကျင်(၁) ဒေါ်ခင်နန်းယုထွေးနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဘွဲ့လွန် အနုပညာသင်တန်းတွင် ဂုဏ်ထူးငါးဘာသာဖြင့် ဘွဲ့လွန်အနုပညာထူးချွန်ဆုရ အသံလွှင့်ဌာနခွဲမှ အနုပညာရှင်(၁) ဒေါ်ခိုင်ဝါတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဌာနခွဲအလိုက် စွမ်းဆောင်ဆုများရရှိကြသည့် အသံလွှင့် ဌာနခွဲ၊ ရုပ်မြင်ဌာနခွဲ၊ MRTV-3၊ MRTV-4 စက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေးဌာနခွဲတို့မှ ထူးချွန်ဆုရ ဝန်ထမ်းများအား လည်းကောင်း၊ ဝန်ထမ်းဝတ်စုံစရိတ်များကို သက်ဆိုင်ရာ ဌာနခွဲမှ တာဝန်ရှိသူများအား လည်းကောင်း၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရ ဝန်ထမ်းမိသားစုများအား လည်းကောင်း၊ (၆၁)နှစ်မြောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်ပတ်လည် ဂုဏ်ပြုအစီအစဉ်တွင် **“ရသစုံလင်ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင် အစီအစဉ်”** ဖြင့် အကောင်းဆုံး တင်ဆက်နိုင်သည့် ရုပ်မြင်သံကြားဌာနခွဲမှ ဝန်ထမ်းများအား လည်းကောင်း ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသူများ၏ကိုယ်စား မြန်မာ့အသံခေတ်ပေါ် တေးဂီတ စိစစ်ရေးအဖွဲ့ဝင် ဂီတနှင့် စာပေပညာရှင် ဦးမောင်မောင်လတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသည့် ဂီတပညာရှင်များနှင့် ဧည့်သည်တော်များအား နှစ်ပတ်လည် အထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)




## ကလေးမြို့ စကားလှမမွှာရုံ ကျောင်းတိုက်၌ ဓမ္မဂီရိ ဝိပဿနာတရားစခန်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၉**

စစ်ကိုင်းတိုင်း ကလေးမြို့ စကားလှမမွှာရုံကျောင်းတိုက် ဆရာတော် ဦးဓမ္မပါလ၏ စီစဉ်မှုဖြင့် ဦးဂိုအင်ကာက ဓမ္မဂီရိဝိပဿနာ တရားစခန်းပွဲကို နှောင်းတန်ခူးလဆန်း ၆ရက်မှ လပြည့်ကျော်၁ရက်အထိ(မတ် ၂၃ရက်မှ ဧပြီ ၂ ရက်အထိ) အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀–၃–၂၀၀၇ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ကိုယ့်အပြစ်ကိုယ်ခံရမှာပဲ ကလေးရယ် တရားတော် (အပိုင်း–၂) ဆရာတော် အရှင်ဆန္ဒာဓိက |
| ၇း၅၀ | ရိုးရာအမြင်ဖြင့် အတွေးကိုမြှင့်၊ ယဉ်ကျေးမှုတင့် မြန်မာ့စဉ် |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | Sunday Talk |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | ၂၀၀၇ခုနှစ် တိုက်ဂါး– မြန်မာအပျော်တမ်း ဂေါက်ရိုက်ပြိုင်ပွဲ |
| ၉း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၄၅ | Music Gallery (ဖိုးကာ–တစိမ့်စိမ့်ကြည့်) |
| ၁၀း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ | ကိုယ်အင်္ဂါပြန်လည်သန်စွမ်း ရေးဆေးပညာဌာနအကြောင်း သိကောင်းစရာ (အပိုင်း–၁) (ဒေါက်တာခင်မျိုးလှ) |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | မွေးရန့်ကုထုံး |
| ၁၁း၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၀၅ | Yangon Panorama VEJTHANI HOSPITAL (Bangkok) |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | တီကောင်စွန့်ပစ်သြဂဲနစ် |
| ၁၂း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၁၅ | တေးဂီတအစီအစဉ် |
| ၁၂း၂၀ | သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) |
| ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၅၀ | ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

➪ ကာကွယ်ရေးမှ

မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မိုင်တိုင်အမှတ် (၄၄/၄)နှင့် မိုင်တိုင်(၄၆) အကြား ကြံ့ဆင်တောင်တွင် လမ်းဖောက်လုပ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### ဝိုင်းဝန်းထိန်းသိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် လမ်းဖောက်လုပ်ထားရှိမှု အခြေအနေ၊ သဘာဝသစ်တောများ အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး မိုင်တိုင်အမှတ်(၃၅/၀) အနီးရှိ ညောင်ညိုရိပ်စခန်းသို့ ရောက်ရှိကြပြီး ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသအခြေအနေများကိုမေးမြန်း၍ ဖောက်လုပ်ပြီးဖြစ်သော ဆင်ဘို-ဟိုပင်လမ်း ရေရှည်တည်တံ့အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၂၅/၂)အနီးရှိ ကောက်ကွေ့ချောင်းနှင့် နရန်ခချောင်းတို့ ပေါင်းဆုံရာ ချောင်းဆုံသို့ရောက်ရှိကြပြီး ကောက်ကွေ့ချောင်း၌ တံတား တည်ဆောက်မည့် နေရာနှင့် ချောင်းတို့၏ ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် အမှတ် (၂၄/၄)အနီးရှိ ထွယ်ရာယံကျေးရွာသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသခံတိုင်းရင်းသားပြည်သူများအား ဆင်ဘို-ဟိုပင်လမ်း ဖောက်လုပ် ပေးခြင်းဖြင့် အနီးပတ်ဝန်းကျင်ဒေသရှိ ကျေးလက်ပြည်သူများ၏ ဆက်သွယ် သွားလာမှု ပိုမိုကောင်းမွန်လာပြီး စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးစသော လူမှုစီးပွားရေးအခြေအနေတို့ အဘက်ဘက်က တိုးတက်လာတော့မည်ဖြစ် ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာ၌ တာဝန်ထမ်းဆောင် နေကြသော ပညာရေးဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် အမှတ် (၁၈/၆)အနီးရှိ ပန်ဆမ်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရှိ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘို-ဟိုပင် လမ်းတစ်လျှောက်ရှိ သဘာဝသစ်တောများနှင့် သစ်တော သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေနှင့် ဖောက်လုပ်ထားသော လမ်း၏အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေး သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၇/၆)အနီးရှိ လမိုင်ကုန်း(အောက်ဘိုတဲ) ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဟိုပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက ဟိုပင်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ဆင်ဘို-ဟိုပင်လမ်းပိုင်း ဖောက်လုပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လမိုင်ကုန်း ရှင်းလင်းဆောင်ရှေ့ရှုရပ်မှ ဟိုပင်မြို့နှင့် ပတ်ဝန်းကျင်ဒေသတို့၏ လမ်းပန်း ဆက်သွယ်မှုနှင့် စိုက်ပျိုးမြေအနေအထားများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်း ခရိုင် နန့်ရင်းကျေးရွာအနီးရှိ နန့်ရင်းချောင်းကူး သစ်သားတံတားသို့ ရောက်ရှိ ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတား၏ကြံ့ခိုင်မှု၊ နန့်ရင်းချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ နန့်ရင်းကျေးရွာအုပ်စု၏ ပျိုးဥယျာဉ်၌ ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ၎င်းတံတားမှာ ယခင်က ကြိုးတံတားဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ပြန်လည် တည်ဆောက်ပေးခဲ့သည့် ဘေလီသံပေါင် သစ်သားတံတားဖြစ်သည်။ အရှည် ၁၉၅ ပေ၊ အကျယ် ၁၃ ပေနှင့် ခံနိုင်ဝန် ၁၃ တန်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟိုပင်မြို့မှ ရွှေဘို-ဟိုပင်-မြစ်ကြီးနား လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာကြပြီး ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးညှင်းခရိုင် နန့်ရင်းချောင်းကူး သစ်သားတံတား၏ ကြံ့ခိုင်မှုနှင့် နန့်ရင်းချောင်း၏ ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံအခြေစိုက် MEASAT Satellite System Co. မှ Senior Advisor, Dato′ Hj. Ainuddin Noordin လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားအခြေစိုက် ကုမ္ပဏီမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ်တွေ့ဆုံ

**ရန်ကုန် မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှား နိုင်ငံအခြေစိုက် MEASAT Satellite System Co. မှ Senior Advisor, Dato′ Hj.Ainuddin Noordin သည် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

### တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်း များမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# မိုးကုတ်ဝိပဿနာ အခြေခံသင်တန်း

**ရန်ကုန် မတ် ၁၉**

သာကေတ အောင်စကြာ မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအခြေခံ ပဋိစ္စသမုပ္ပာဒ် သင်တန်းကို ဆရာဦးသောင်းထိုက်က မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အတွင်း သာကေတမြို့နယ် ၇/အရှေ့ ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်း မျိုးမြန်မာ ဆေးတိုက်တွင် ၁၀ ရက် တိုင်တိုင် အခြေခံသင်တန်းများ ပို့ချမည် ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း- ၅၄၇၀၉၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၁၉**

တရားရုံးချုပ် ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၁၇)နှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) အခြေခံဝန်ထမ်း လောင်း(အငယ်တန်း) သင်တန်း အမှတ်စဉ်(၃၇) သင်တန်းနှစ်ခုတို့တွင် ဆုရရှိသည့် ဒုတိယမြို့နယ်တရားသူကြီး များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် သင်တန်း ဆင်းလက်မှတ်များ၊ တာဝန်ပေးအပ် လွှာများ ချီးမြှင့်အပ်နှင်းသည့် အခမ်း အနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်း အဝေးခန်းမ(၂) (မြေညီထပ်)၌ ကျင်းပ သည်။

### မှာကြား

ရှေးဦးစွာ တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက သင်တန်းဆင်းအမှာစကား ပြောကြား ရာတွင် သင်တန်းမှပို့ချသည့် စာတွေ့၊ လက်တွေ့ အတွေ့အကြုံများကို ပေါင်း စပ်၍ ဆောင်ရွက်ရန်၊ ဥပဒေလုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များ၊ အမိန့်များ၊ စီရင်ထုံးများကို အမြဲမပြတ် လေ့လာရန် လိုအပ်ကြောင်း၊ ဥပဒေနှင့် အညီ အမှန်တရားအတိုင်း ပြတ်သား ရဲဝံ့ပြီး အဂတိတရားလေးပါး ကင်း သော၊ ပြည်သူက ယုံကြည်ကိုးစား သော၊ အကျင့်သီလ၊ သမာဓိ၊ သိက္ခာ နှင့် ပြည့်စုံသော တရားသူကြီးကောင်း များဖြစ်အောင် ကြိုးစားဆောင်ရွက်သွား ကြရန် မှာကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း လက်မှတ်များ၊ တာဝန် ပေးအပ်လွှာများ ချီးမြှင့်ရာ ဒုတိယ မြို့နယ်တရားသူကြီး လုပ်ငန်းဝင် သင်တန်း အမှတ်စဉ်(၁၇)နှင့် အခြေခံ ဝန်ထမ်းလောင်း(အငယ်တန်း)သင်တန်း အမှတ်စဉ်(၃၇) သင်တန်းနှစ်ခုပေါင်း တွင် ပထမဆုရ ဦးဇင်လင်းသန့်၊ ဒုတိယဆုရ ဒေါ်နန်းကိန်ခမ်း၊ သင်တန်းသားစံပြဆုရ ဦးပုညံ၊ သင်တန်းသူ စံပြဆုရရှိသူ ဒေါ်ဌေးဇင် မော် တို့အား ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးကလည်းကောင်း **(ယာပုံ)**၊ သင်တန်းသား ပထမဆုရ ဦးသီဟ ကျော်၊ ဒုတိယဆုရ ဦးဇင်လင်းသန့် တို့အား တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်ကလည်းကောင်း၊သင်တန်းသူ ပထမဆုရရှိသူ ဒေါ်နန်းကိန်ခမ်း၊ ဒုတိယဆု ရရှိသူ ဒေါ်ဇင်ဇင်ခိုင်၊ သင်တန်းသူစစ်ရေးပြထူးချွန်ဆုရရှိသူ ဒေါ်ဥမ္မာမောင်တို့အား တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင် အေးကလည်းကောင်း သင်တန်းဆင်း မှတ်တမ်းလွှာနှင့် တာဝန်ပေးအပ်လွှာ များကို တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်ကြသည်။

(သတင်းစဉ်)



# အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆)ကြိမ်မြောက်အစည်းအဝေးမှ ဝန်ကြီး ဦးဉာဏ်ဝင်း ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၉

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒေါက်တာဖရန့် ဝေါလ်တာ စတိုင်းမိုင်ယာ၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့၌ မတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ–အီးယူ နိုင်ငံခြားရေး ဝန်ကြီးများ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။**

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျာမနီနိုင်ငံ၌ရှိနေစဉ် မတ် ၁၄ ရက် ညနေ ၆ နာရီတွင် နျူရင်ဘတ်မြို့ မြို့တော်ခန်းမ၌ နျူရင်ဘတ် မြို့တော်ဝန်က တည်ခင်းသည့် ကြိုဆိုညစာခံပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းညစာခံပွဲတွင် နျူရင်ဘတ်မြို့တော်ဝန် ဒေါက်တာ အူးလ်ရစ်ချ် မာလီနှင့်ဂျာမနီနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဒေါက်တာ ဖရန့်ဝေါလ်တာ စတိုင်းမိုင်ယာတို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့ကြသည်။

ထို့နောက် အာဆီယံ–အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့် အလုပ်သဘော ညစာစားပွဲကို ဆက်လက်ကျင်းပရာ ယင်းညစာစားပွဲတွင် အပြည်ပြည်ဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အရှေ့အလယ်ပိုင်း၊ အီရန်၊ အီရတ်၊ အာဖဂန်နစ္စတန် လက်နက်မပြန့်ပွားရေးနှင့် ကိုရီးယားကျွန်းဆွယ် ကိစ္စများကို အကျယ်တဝင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့ နျူရင်ဘတ် ညီလာခံအဆောက်အအုံတွင် ကျင်းပသည့် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များအား တွေ့ရ စဉ်။**
(နိုင်ငံခြားရေး)

## တက်ရောက်

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မတ် ၁၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့ နျူရင်ဘတ် ညီလာခံအဆောက်အအုံ၌ ကျင်းပသည့် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

## ဆွေးနွေး

ယင်းအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး အာဆီယံ–အီးယူ အနှစ် (၃၀)ဆက်ဆံရေးကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အနာဂတ်အလားအလာကိစ္စ၊ ဒေသဆိုင်ရာကိစ္စရပ်များဖြစ်သည့် အာဆီယံတွင် ဖြစ်ပေါ်တိုးတက်မှု၊ အီးယူတွင် ဖြစ်ပေါ်တိုးတက်မှု၊ အာရှနှင့် ပစိဖိတ်ဒေသတို့တွင် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးမှုများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်း တည်ငြိမ်ရေးအတွက် ကြိုးပမ်းနေမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ငြိမ်းချမ်းရေးရရှိမှု အခြေအနေ၊ အမျိုးသားညီလာခံ၏ တိုးတက်မှုအခြေအနေ၊ အမျိုးသားညီလာခံ ပြီးဆုံးပြီးနောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှု၊ နိုင်ငံတော်၏ လူမှု–စီးပွား ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများ၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် မြန်မာနိုင်ငံနှင့် အီးယူအကြား ပူးပေါင်းဆောင်ရွက်မှုများ အခြေအနေများကို ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည်။

ထို့ပြင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ–အီးယူ အနှစ်(၃၀) ဆက်ဆံရေးကို ပြန်လည် ဆန်းစစ်ခြင်းနှင့် အနာဂတ်အလားအလာ ဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးခဲ့ပြီး အာဆီယံနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးအခြေအနေ၊ အဓိကအားဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း (အက်စ်စီအို)နှင့် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အက်စ်အေအေအာရ်စီ) တို့၏ ဆက်ဆံရေး အခြေအနေများကို အာဆီယံကိုယ်စား ဦးဆောင်ဆွေးနွေးခဲ့သည်။

အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးက အာဆီယံနှင့် အီးယူအကြား အနာဂတ်တွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ပတ်သက်သည့် နျူရင်ဘတ်ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည်အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် နျူရင်ဘတ် ညီလာခံ အဆောက်အအုံ ကိုပါနီးကပ်ခန်းမ၌ ဩစတြီးယားနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဟန့်စ်ဗင်ကလာအား လက်ခံတွေ့ဆုံခဲ့ပြီး နိုင်ငံတကာရေးရာများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ဘာလင်မြို့ရှိ မြန်မာသံရုံး၌ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းနှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်၏ မူဝါဒနှင့် ပြည်တွင်း လူမှုစီးပွားရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး သံရုံး၏ စီမံခန့်ခွဲမှုကိစ္စများနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေမှု ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီး စစ်အေး၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းတို့ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)



**ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့တွင်ကျင်းပသည့် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အလုပ်သဘော ညစာ စားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အား ဂျာမနီနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာ ဖရန့် ဝေါလ်တာ စတိုင်းမိုင်ယာ ကြိုဆိုနှုတ်ဆက်စဉ်။**
(နိုင်ငံခြားရေး)




# ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီးအတွက် ကုသိုလ်ယူ လှူဒါန်းနိုင်

**ရန်ကုန် မတ် ၁၉**

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး)ကို ယခုအခါ အိန္ဒိယနိုင်ငံ (မဇ္ဈိမဒေသ) ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အကောင်အထည်ဖော် ဆောက်လုပ်နေပြီဖြစ်သည်။ စေတနာရှင်များအနေဖြင့် ကျောင်းတော် အလှူကုသိုလ်ယူ ပါဝင်လှူဒါန်းလိုပါက ဦးရာဇိန္ဒ (နာလန္ဒာတက္ကသိုလ်) ကျောင်းဖြစ်မြောက်ရေးနှင့် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဖုန်း ၀၁–၅၂၇၇၄၆၊ ၀၉–၅၁၀၉၄၂၅၊ ဦးဂန္ထသာရ (စာချ–နာယက၊ မြို့နယ် သံဃနာယကဥက္ကဋ္ဌ) ဖုန်း ၀၁–၃၇၀၉၆၁၊ အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး) ဖုန်း ၀၁–၃၇၀၉၆၁၊ ၀၉–၅၁၆၂၁၉၃၊ ဦးမျိုးဆွေ–ဒေါ်မြရှင် (သီရိသုခမ္မသိင်္ဂီ) ပုလဲရတနာ ရောင်းဝယ်ရေးမိသားစု ဖုန်း ၀၁–၅၂၇၅၆၄၊ ၅၂၅၆၃၂၊ ၀၉–၅၀၁၅၉၂၅၊ ဦးမျိုးသန့်–ဒေါ်ကေသက်မော် ဖုန်း ၀၁–၂၂၀၂၄၅၊ ၀၉–၅၀၁၅၉၄၉ နှင့် ဒေါက်တာယဉ်မင်းဦး (ခ) ဒေါက်တာနိုက်တင်ဂေးလ် ဖုန်း ၀၉–၅၁၆၃၄၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

# ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနား စာစီစာကုံး၊ ပိုစတာ၊ ပန်းချီပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၉

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပမည့် ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအား ၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပရန်စီစဉ်လျက်ရှိသည်။**

အထက်တန်းအဆင့် စာစီစာကုံး၊ အလယ်တန်းအဆင့် ပိုစတာ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ သုံးမျိုးအတွက် ခေါင်းစဉ်မှာ **“ကမ္ဘာအဝန်း စုပေါင်းကာကွယ် လမ်းအန္တရာယ်”** ဖြစ်သည်။

ပြိုင်ပွဲအသီးသီးကို ရန်ကုန်တိုင်းအတွင်း ၂၀၀၇ ခုနှစ် မတ် ၂၈ ရက်တွင် မြို့နယ်အဆင့် ယှဉ်ပြိုင်ရန် မြို့နယ်ပညာရေးမှူးက သတ်မှတ်သောကျောင်း၌ ကျင်းပရန်ဖြစ်သည်။

အထက်တန်းအဆင့် (၈/၉/၁၀) တန်းအတွက် စာစီစာကုံးပြိုင်ပွဲ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီထိ အလယ်တန်းအဆင့် (၅/၆/၇) တန်းအတွက် ပိုစတာပြိုင်ပွဲ ၁၂၀၀ နာရီမှ ၁၅၀၀ နာရီအထိနှင့် မူလတန်းဆင့်(၁/၂/၃/၄)တန်းအတွက် ပန်းချီပြိုင်ပွဲ ၁၂၀၀ နာရီမှ ၁၅၀၀ နာရီအထိ ဖြစ်သည်။

စာစီစာကုံးရေးသားရန် အရွယ်အစားမှာ (A4) စက္ကူချော ကွာတိုအရွယ်ဖြစ်၍ ပိုစတာနှင့် ပန်းချီယှဉ်ပြိုင်သူများသည် ၁၅+၂၀ အရွယ် ပုံဆွဲစက္ကူဖြင့် ရေးဆွဲပြီး မည်သည့်ဆေးကိုမဆို အသုံးပြုနိုင်သည်။ ဘောင်သွင်းခြင်း၊ ဘောင်ကွပ်ခြင်း မပြုရန်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် ၂၀၀၆–၂၀၀၇ပညာသင်နှစ်တွင် ရန်ကုန်တိုင်းအတွင်း ကျောင်းနေဆဲ ကျောင်းသား၊ ကျောင်းသူများသာဖြစ်ရမည်။

မြို့နယ် အကဲဖြတ်ကော်မတီသည် ရန်ကုန်တိုင်းအတွင်း မြို့နယ်အဆင့် အကဲဖြတ်ရွေးချယ်ပြီး အထက်တန်းဆင့် စာစီစာကုံး အကောင်းဆုံးစာမူ တစ်စောင်၊ အလယ်တန်းဆင့် အကောင်းဆုံးပိုစတာသုံးချပ်၊ မူလတန်းဆင့် အကောင်းဆုံးပန်းချီကား သုံးချပ်ကို ဆုရသူ၏ဓာတ်ပုံပါ ကိုယ်ရေးပုံစံသုံးစုံနှင့်အတူ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ကျောင်းသားရေးရာဌာနသို့ ၂–၄–၂၀၀၇နေ့ အရောက်ပေးပို့ကြရမည်။ စာစီစာကုံး၊ (စာမူ)၊ ပိုစတာနှင့် ပန်းချီကားချပ်၏ကျောဘက်တွင် အကဲဖြတ်များ၏ အမည်၊ ရာထူး၊ လက်မှတ်အပြင် မြို့နယ်ပညာရေးမှူး၏ ရာထူးတံဆိပ်နှင့် လက်မှတ်ပါရှိရမည်။

ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီးမှပေးပို့သည့် ပြိုင်ပွဲဝင် စာမူကားချပ်များကို တိုင်းအဆင့်အကဲဖြတ်အဖွဲ့မှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ခုစီကို စိစစ်ရွေးချယ်၍ ဆုချီးမြှင့်ပွဲကို ၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်တွင် ပြည်လမ်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC)တွင် ကျင်းပမည်ဖြစ်ပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ ဝူရှူးပြိုင်ပွဲ မြန်မာဝူရှူးအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၁၉**

ဒုတိယအကြိမ် ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ ဝူရှူးအားကစားပြိုင်ပွဲ၌ အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ ဝူရှူးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာစိုင်းဆမ်ထွန်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူနှင့် နည်းပြအဖြစ် ဦးခွန်ဂျာအောင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်)၊ အားကစားသမားများအဖြစ် အမျိုးသား ဝေဖြိုးအောင်၊ ကျော်ဇင်သစ်နှင့် ဟိန်းဇော်၊ အမျိုးသမီး စန္ဒီဦးနှင့် ရွှေရည်လင်းတို့ ပါဝင်ကြသည်။ **(အပေါ်ပုံ)**

ဒုတိယအကြိမ် ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ ဝူရှူးအားကစားပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ အသင်းပေါင်း ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံတော်ကြီးဟန်ချက်ညီညီဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင်နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေးစီမံကိန်းကြီးများကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလည်း တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေစက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်အောင်လည်း မိမိတို့လှည့်လည်ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကဆောင်ရွက်ပေးထားသည့် အခြေခံအဆောက်အအုံများကို ပြည့်ပြည့်ဝဝအသုံးချပြီး ကြိုးကြိုးစားစား အလုပ်လုပ်သွားကြမည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ဦးချင်း၏ လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လည်းလိုကြောင်း၊ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ပညာရေးကဏ္ဍ အခွင့်အလမ်းကောင်းများကို ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့်ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် သက်ဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်အောင် အစဉ်အမြဲ

**ထို့ပြင် နိုင်ငံတော်၏ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေရှိမည့် အုပ်ချုပ်ရေးအဖွဲ့များကိုလည်း စနစ်တကျ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးလျက်ရှိကြောင်း၊ ပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် လူမှုရေး၊ စီးပွားရေးဘဝမြင့်မားလာအောင် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်မှ တာဝန်ရှိသူများအနေဖြင့် သိက္ခာသမာဓိရှိရှိ ကိုယ်ကျင့်တရားကောင်းကောင်းဖြင့် မိမိတို့လုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ၊ စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ပြည်သူများအား အနိုင်အထက်ပြုမှုများကိုရှောင်ရှားပြီး ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အရည်အချင်း ပြည့်ဝသည့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် ထာဝစဉ် ကြိုးပမ်းနေကြရမှာဖြစ်ကြောင်း။**

ထို့ပြင် မိမိတို့မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်ဖြင့် ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားအားလုံး ထွေးရောယှက်တင်အတူတကွ စုပေါင်းနေထိုင်လျက်ရှိနေကြကြောင်း၊ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် ထာဝစဉ်ခိုင်ခိုင်မြဲမြဲရပ်တည်သွားနိုင်ရအောင် တိုင်းရင်းသားအားလုံးက စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်းဖြင့်ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် သရက်မြို့ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံသို့ ရောက်ရှိကြရာ ဧည့်ရိပ်သာ၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက သရက်ဘိလပ်မြေစက်ရုံ၏ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအား၊ စက်ရုံလည်ပတ်ရေးအတွက် မီးထိုးဆီ လိုအပ်ချက်များ၊ နှစ်အလိုက်

## ...သား မခွဲခြားဘဲ ဥပဒေနှင့်အညီဆောင်ရွက် ...းဖြစ်အောင် ထာဝစဉ်ကြိုးပမ်း



## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သရက်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ဘိလပ်မြေထုတ်လုပ်နိုင်မှုများ၊ စီမံကိန်းကြီးများသို့ ဘိလပ်မြေပံ့ပိုးဖြည့်ဆည်းပေးမှုများ၊ ဘိလပ်မြေထုတ်လုပ်မှု ကုန်ကျစရိတ်များနှင့် ဝန်ထမ်းအင်အားအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံသက်တမ်း၊ စက်စွမ်းအားပြည့်ဖြင့် ဘိလပ်မြေထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ထားမှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က သရက်ဘိလပ်မြေစက်ရုံမှာ သက်တမ်းကြာပြီဖြစ်သော်လည်း ဝန်ထမ်းများ၏ မွမ်းမံထိန်းသိမ်းနိုင်မှုများကြောင့် ထုတ်လုပ်မှုအားကောင်းဆဲဖြစ်ကြောင်း၊ စက်စွမ်းအားပြည့် ကုန်ထုတ်နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း၊ မကုန်ကျသင့်သည်များမကုန်ကျစေဘဲ ခြိုးခြံချွေတာဆောင်ရွက်ကြရန်၊ အလေအလွင့် အဆုံးအရှုံးမရှိစေရန် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြီးကြပ်ကွပ်ကဲသွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စက်ရုံ၌ ပြန်လည်တပ်ဆင်သွားမည့် Gas Burnerကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

သရက်ဘိလပ်မြေစက်ရုံ၌ မီးသင်းဖိုသုံးလုံးရှိပြီး တစ်ရက်လျှင် စက်အမှတ်(၁)မှာ တန် ၄၀၀၊ စက်အမှတ်(၂)မှာ တန် ၄၀၀၊ စက်အမှတ်(၃)မှာ တန် ၃၀၀ကုန်ထုတ်စွမ်းအားရှိသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အောင်လံမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ၁၉၈၅ ခုနှစ်တွင် ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)ကို တည်ဆောက်ဖွင့်လှစ်ခဲ့မှု၊ တစ်ရက်လျှင် ဓာတ်မြေသြဇာ မက်ထရစ် တန် ၆၀၀ထုတ်လုပ်နိုင်သည့် စက်စွမ်းအားရှိမှု၊ ဝန်ထမ်းအင်အား၊ စက်ရုံ၏ Design Capacity၊ လက်ရှိဓာတ်မြေသြဇာထုတ်လုပ်နေမှု၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းများ ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားပြီး ဓာတ်မြေသြဇာ ထုတ်လုပ်နေမှုများ၊ ဖြန့်ဖြူးရန် စနစ်တကျ သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရောဝတီတိုင်း ကြံခင်းမြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံသို့ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်ရိပ်သာ၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးရီက ကြံခင်းဘိလပ်မြေစက်ရုံတည်ဆောက်ခဲ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားနှင့် ဒီဇယ်ဆီလိုအပ်ချက်များနှင့် နှစ်အလိုက် ဘိလပ်မြေထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ကြံခင်းဘိလပ်မြေစက်ရုံအတွက် ပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက အမှတ်(၁) စက်မှုဝန်ကြီး ဌာနအောက်ရှိ ဘိလပ်မြေစက်ရုံများအနက် ကြံခင်းဘိလပ်မြေစက်ရုံသည် ဘိလပ်မြေအများဆုံးထုတ်လုပ်ပေးနေသည့်စက်ရုံဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုစွမ်းအား မြင့်မားသကဲ့သို့ ဘိလပ်မြေများ၏ အရည်အသွေးမှာလည်း ကောင်းမွန်ပါကြောင်း၊ ဝန်ထမ်းများမှာလည်း အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုလည်းရှိကြပါကြောင်း၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အား စသည့် လိုအပ်ချက်များ ပိုမိုဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားလာမည့် စက်ရုံဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စက်ရုံအတွက် ကုန်ကြမ်းအဆက်မပြတ်ရရှိရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး ကုန်ကြမ်းကြိတ်စက်နှင့် ကုန်ချောကြိတ်စက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံ၌လိုအပ်သည့်စက်ပစ္စည်းအစိတ်အပိုင်းများ တီထွင်ထုတ်လုပ်ထားမှုများကို လည်းကောင်း၊ စက်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကြံခင်းဘိလပ်မြေစက်ရုံ၌ တစ်နေ့လျှင် တန် ၄၀၀ ကျ ဘိလပ်မြေစက် နှစ်စက်ကို ၁၉၇၅-၇၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ထပ်မံ၍ တန် ၄၀၀ကျ ဘိလပ်မြေစက်နှစ်စက်ကို တိုးချဲ့တည်ဆောက်ခဲ့ရာ ၁၉၈၅-၈၆ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်းသိရှိရသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကြံခင်းဘိလပ်မြေစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

လေ့လာဆည်းပူးနေရန်လိုအပ်သကဲ့သို့ မိမိတို့၏တပည့်များကိုလည်း နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပျိုးထောင်ပေးသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးသာမက ကျန်းမာရေးအပိုင်းတွင်လည်း ပြည်သူများ ကျန်းကျန်းမာမာ အသက်ရှည်ရှည်နေနိုင်ရေးအတွက် ကျေးလက်ဒေသများအပါအဝင် ဒေသအသီးသီး၌ဆေးပေးခန်းများ၊ ဆေးရုံများ၊ အထူးကုဆေးရုံကြီးများကို တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ ဆရာမများ၊ အထူးကုသမားတော်ကြီးများကိုလည်း ခန့်ထားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်သူများအား ရောဂါဖြစ်ပွားလာမှပျောက်ကင်းအောင် ကုသပေးရုံမျှသာမက ရောဂါမဖြစ်ပွားရေးအတွက်လည်း ကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

...ျားကြောင့် ...း၊ ပြည်သူ ...န်မယူမီက ... ရရှိလာပြီ

**...င်း၊ စက်မှု ...င် အခြေခံ ... ထို့ကြောင့် ...စ်ထွန်းရေး ...းပေးကူညီ ...ိုက်ပျိုးရေး ...းရေးကဏ္ဍ ...ကူပြုရမှာ**

## ...ာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ...ပ်ချုပ်ရေးအဖွဲ့များကိုလည်း စနစ်တကျ ...လျက်ရှိ။ ...မ်းမြေ့စွာဖြင့် လူမှုရေး၊ စီးပွားရေးဘဝ ...်ရေးအဖွဲ့အဆင့်ဆင့်မှ တာဝန်ရှိသူများ ...ရှိ ကိုယ်ကျင့်တရားကောင်းကောင်းဖြင့် ...င်ပိုင်နိုင်စွာ၊ စည်းမျဉ်းစည်းကမ်း ဥပဒေ ...ောင်ရွက်သွားကြရန် မှာကြားလို။

## (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။


# (၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

## တပ်မတော်စစ်သမိုင်းပြတိုက်

## (ရွှေတိဂုံဘုရားလမ်း)

## (၂၆-၃-၂၀၀၇ မှ ၄-၄-၂၀၀၇)

## (မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်)


## (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ဝန်ကြီးဌာန ပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ပြခန်း၊ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ပြခန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ၂၆-၃-၂၀၀၇ ရက်မှ ၄-၄-၂၀၀၇ ရက်ထိ အခမဲ့ပြသသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရတနာပြပွဲကြည့်ရှုအားပေး ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၃၄၂၀ တက်ရောက်ဝယ်ယူ ပြည်ပမှ အကြိမ်အများဆုံးတက်ရောက်ဝယ်ယူသူများအား ဂုဏ်ပြု

ရန်ကုန် မတ် ၁၉

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ကျင်းပလျက်ရှိသော ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။**

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့အဖြစ် နံနက် ၈နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ကျင်းပသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄နာရီမှ ည ၇နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၄တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၇၂တွဲကို ရောင်းချခဲ့ရသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်း အတွဲပေါင်း ၅၀ကို ရောင်းချခဲ့ရသည်။ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ အကြိမ်(၂၀)မြောက် တက်ရောက်သူ ရတနာကုန်သည် တစ်ဦး၊ (၁၅)ကြိမ်မြောက် တက်ရောက်သူ ရတနာကုန်သည် သုံးဦးနှင့် (၁၀)ကြိမ်မြောက် တက်ရောက်သူ ရတနာကုန်သည် ၁၀ဦးတို့အား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ဂုဏ်ပြုလက်မှတ်များနှင့် ငွေထည်ပစ္စည်းလက်ဆောင်များကိုပေးအပ်ချီးမြှင့်သည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃နိုင်ငံတို့မှ ရတနာကုန်သည် ၂၀၆၈ဦးနှင့် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၁၃၅၂ဦး စုစုပေါင်း ရတနာကုန်သည် ၃၄၂၀တို့ တက်ရောက်၍ ကျောက်စိမ်းအတွဲများကို အပြိုင်အဆိုင်ဝယ်ယူလျက်ရှိကြသည်။

ကျောက်စိမ်းအတွဲများကို အဌမနေ့အဖြစ် မတ် ၂၀ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)



**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လာသော ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**(သတင်းစဉ်)

# ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၉**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၇ရက်တွင် နေပြည်တော်နှင့် ပျဉ်းမနားမြို့ရှိ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနသို့ရောက်ရှိကြရာ တာဝန်ရှိသူတို့က စာမေးပွဲလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ စာဖြေခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာမေးပွဲဖြေဆိုလျက်ရှိကြသည့် ကျောင်းသားကျောင်းသူများ စိတ်လက်ကြည်သာစွာဖြေဆိုနိုင်ရေး၊ စနစ်တကျဖြင့် စည်းကမ်းတကျ ဖြေဆိုနိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ စာမေးပွဲဖြေဆိုနေစဉ်အတွင်း အရေးပေါ် နာမကျန်းဖြစ်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အပြည့်အဝ ပြုစုစောင့်ရှောက်ပေးရန်တို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနများသို့ သွားရောက်ပြီး စာမေးပွဲဖြေဆိုနေကြသည့် ကျောင်းသား၊ ကျောင်းသူများအား ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

၁၉-၃-၂၀၀၇

**ပြည်နှင့် သာယာဝတီ**

၃၉ ဒီဂရီစင်တီဂရိတ်
(၁၀၂ ဒီဂရီဖာရင်ဟိုက်)

**ရန်ကုန်**

၃၈ ဒီဂရီစင်တီဂရိတ်
(၁၀၀ ဒီဂရီဖာရင်ဟိုက်)

# ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မန္တလေးတိုင်းရှိ အမှတ်(၁၄) ရဲတပ်ရင်းနှင့် ဇီးပင်ကြီး ရဲဗဟိုလေ့ကျင့်ရေးကျောင်းတို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၇ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်း အမှတ်(၁၄) ရဲတပ်ရင်းသို့ ရောက်ရှိပြီး ရဲတပ်ရင်းရှိ ဗဟိုကင်းကို ကြည့်ရှုစစ်ဆေး၍ တပ်ရင်းရုံး၌ ဝန်ကြီးအား ရဲတပ်ရင်းမှူး ဒုတိယရဲမှူးကြီးဉာဏ်ဇော်က ဦး၊ ရေး၊ ထောက်ဆိုင်ရာများကို ရှင်းလင်းပြသသည်။**



**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မန္တလေးတိုင်း အမှတ်(၁၄) ရဲတပ်ရင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(ပြည်ထဲရေး)

ယင်းနောက် ဝန်ကြီးက စိုက်ပျိုးမွေးမြူရေး၊ တစ်ပိုင်တစ်နိုင် ၁၀မျိုး ၁၀ပေါင် ရာသီအလိုက် သီးနှံများကို စိုက်ပျိုးရန် မှာကြားပြီး တပ်ရင်းရုံးခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၀နာရီ ၄၅မိနစ်တွင် ပြင်ဦးလွင်ခရိုင် ဇီးပင်ကြီး ရဲဗဟို လေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိကာ သင်တန်းသား ၆၀၀ နှင့် ၈၀၀ ဆံ့ ခန်းမဆောင် ဆောက်လုပ်မည့် အဆောက်အအုံပုံစံနှင့် မြေနေရာများကို ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းတင့်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက ခန်းမဆောင် ဆောက်လုပ်မည့်မြေနေရာကို အတည်ပြုရွေးချယ်ပေးပြီး အဆောက်အအုံများ စံချိန်စံညွှန်းမီ အရည်အသွေး ကောင်းမွန်ခိုင်ခံ့စွာ ဆောက်လုပ်ရန်နှင့် ကျောင်းဝင်းအတွင်းရှိ အရိပ်ရပင်များ စိမ်းလန်းစိုပြည်ရေး၊ ရာသီအလိုက် သီးနှံများကို စိုက်ပျိုးရေးတို့ကို မှာကြားပြီး သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# မီးလောင်မှုများ ဖြစ်ပွား

**ရန်ကုန် မတ် ၁၉**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပန်းပင်ဆိပ်ရွာ၌ မတ် ၁၇ရက် မွန်းလွဲ ၂နာရီ ကျော်ခန့်တွင် နေအိမ် မီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အိမ် ၁၈လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၂၅စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း၊ မီးဘေးသင့်သူများအား ကျေးရွာ မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ကိုင်းတိုင်း လဟယ်မြို့နယ် လခြမ်းကျေးရွာ၌ မတ် ၁၆ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၈၅ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ၌ မတ် ၁၆ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူခြောက်ဦးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း။

ပဲခူးတိုင်း သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ဂျင်းယားကုန်းကျေးရွာ၌ မတ် ၁၈ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၂၉ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၀-၃-၂၀၀၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၁၅ ၈။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၅ ၉။ ချင်းပြည်နယ်ရဲ့အလှတစ်ပါး ဗားရ်တံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
၅:၂၀ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ" (လူကူးမျဉ်းကြားမှကူးမယ်)**
၅:၂၅ ၈။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၆ ခုနှစ်)
၅:၃၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၅:၅၅ ၁၀။ **"ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ" (ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး) (ဒါရိုက်တာ–ကြည်စိုးထွန်း)**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၇:၀၀ ၁၅။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင် ခြားသော်လည်း" (အပိုင်း–၅)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၃၃)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

# ၂၀၀၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆု ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၉

**၂၀၀၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ပခုက္ကူမြို့နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးသန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီ နာယကအဖွဲ့ဝင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ အလှူရှင် ပခုက္ကူဦးအုံးဖေ၊ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ပခုက္ကူခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုရရှိကြသူများ၊ အထူးဖိတ်ကြားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပခုက္ကူ ဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယကအဖွဲ့ဝင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၀၆ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆုများ ချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ ပခုက္ကူ ဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယကအဖွဲ့ဝင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးအားလည်းကောင်း၊ ၂၀၀၆ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆုတွင် ကဗျာပေါင်းချုပ် ပထမဆုရ **'ငွေကြယ်ရံခအလှသစ်နှင်း ရွှေလမင်းနှင့် အခြားကဗျာများ'** ရေးသားသူ မောင်စိုးမြတ်(ချောင်းဦး)၊ ဒုတိယဆုရ **'အရှဏ်သစ်မြူး ဖူးပွင့်ဝေစည် ပန်းရွှေပြည်ကဗျာများ'** ရေးသားသူ မြေလတ်မင်းလွင်၊ တတိယဆုရ **'ပွင့်ပန်းသီဂီကဗျာများ'** ရေးသားသူ ဇာနည်တို့အား လည်းကောင်း၊ ဝတ္ထုရှည်ဒုတိယဆုရ **'ရွှေသဲတစ်ပွင့်'** ရေးသားသူ သိန်းဇော် (ရွှေလီဦး)၊ တတိယဆုရ **'သဇင်လည်းသင်း လမင်းလည်းသာ'** ရေးသားသူ သိန်းသန်းဝင်း(မလှိုင်) တို့အားလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ **'ရင်ထဲကမီးနှင့် အခြားဝတ္ထုတိုများ'** ရေးသားသူ သွဲ့ထားညို (သက္ကလ)၊ ဒုတိယဆုရ **'မှော်ဝတ္ထုတိုများ'** ရေးသားသူ ပုသိမ်အောင်သန်းဦး၊ တတိယဆုရ **'လောကအလှ ဘဝကြေးမုံ ဝတ္ထုတိုများ'** ရေးသားသူ နေမျိုးသန့်တို့အားလည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုရ **'မြန်မာ့ရိုးရာပန်းတမော့'** ရေးသားသူ မောင်ယဉ်လှိုင်(ပျဉ်းမငြိုင်)၊ ဒုတိယဆုရ **'အခြေခံကြက်ကြိတ်ဝါးခြင်းဆိုင်ရာ နည်းပညာရပ်များ'** ရေးသားသူ မောင်တင်ဖူးတို့အား လည်းကောင်း၊ သုတေသနစာပေဆု ပထမဆု **'တော်ဝင်ခုံထည် မြန်မာ့ပိုးထည်'** ရေးသားသူ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်ဆေးတက္ကသိုလ်)၊ ဒုတိယဆုရ **'သုတေသနခရီးသွားပင်းယ၊ အင်းဝမှတ်တမ်းများ'** ရေးသားသူ အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှက ပခုက္ကူ ဦးအုံးဖေစာပေ ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရ မသီရိရတနာစိုးဟန် (ဒုတိယနှစ်၊ သဘင်) ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)၊ မောင်ဖြိုးဝေထွန်း (ပထမနှစ်-ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)တို့၏ ကိုယ်စားလှယ်များအားလည်းကောင်း၊ ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရ ရတနာပုံ တက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မသင်းသင်းဆွေ၊ ရွှေဘိုဒီဂရီကောလိပ်မှ မြန်မာစာအဓိကကျောင်းသူ မမိုးသီတာထွန်း၊ ရတနာပုံတက္ကသိုလ်မှမြန်မာစာအဓိကကျောင်းသူ မအာရုံဦးနှင့် မုံရွာတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူမသင်းမာစိုးတို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပခုက္ကူ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးဌေးအောင်က ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ်တွင် ပထမဆုရ မန္တလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ထွန်းထွန်း၊ ဒုတိယဆုရ အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ဆုသန်း၊ တတိယဆုရ ပုသိမ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ထွန်းနောင်လင်းတို့အား လည်းကောင်း၊ အင်္ဂလိပ်စာ ဘာသာရပ်တွင် ပထမဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မသီရိဝင်း၊ ဒုတိယဆုရ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မနန်းပိုးပိုးဟန်ထွေး၊ တတိယဆုရ ဗိုလ်တထောင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မမြတ်သူသူစိုးတို့အား လည်းကောင်း၊ သချာၤဘာသာရပ်တွင် ပထမဆုရ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မအိအိလှိုင်၊ ဒုတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မသီရိဝင်း၊ တတိယဆုရ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မနန်းပိုးပိုးဟန်ထွေးတို့အား လည်းကောင်း၊ ဓာတုဗေဒ ဘာသာရပ်တွင် ပထမဆုရ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မအိအိလှိုင်၊ ရူပဗေဒဘာသာရပ်တွင် ပထမဆုရ မော်လမြိုင်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ မခင်ခင်လေး၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုရ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းဦးဟန်၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆုရ ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခွန်မျိုးထက်၊ သမိုင်းဘာသာရပ်တွင် ပထမဆုရ ငပုတောမြို့နယ် ဟိုင်းကြီးအခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်မြင့်ထွန်း၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ မောင်ဘုန်းမိုးမြင့်၊ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်တွင် ပထမဆုရ ကျောင်းကုန်းမြို့နယ်မှ မဟေမာဝင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဆွေက ကျေးဇူးတင်စကား ပြောကြားပြီး ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများကို ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများ ကိုယ်စား ၂၀၀၆ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု တစ်သက်တာစာပေဆုရ စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဌာဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်ပခုက္ကူ ဦးအုံးဖေတို့သည် ဆုရရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆုများ ချီးမြှင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာအုပ်အရောင်းဆိုင်များဖွင့်လှစ်ကာ စာအုပ်များကို ရောင်းချပေးလျက်ရှိသည့်အပြင် မြန်မာ့ရုပ်ရှင်လုပ်ငန်းကလည်း ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသပြီး စာရေးဆရာများက စာပေရေးရာများကို ဟောပြောကြသည်။ (သတင်းစဉ်)




**ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယကအဖွဲ့ဝင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း ၂၀၀၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသော နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းကို ပုသိမ်ညွန့်စံပြရပ်ကွက် ဓမ္မာရုံ၌ မတ် ၁၉ ရက်တွင် ဖွင့်လှစ်ရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်အဖွဲ့ ကြည့်ရှုအားပေးစဉ်။** (က-ပ)

## ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တကောသလ္လက ညစဉ် ၇ နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)



**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး Singapore Volunteers Overseas Programme-the Sunbird Child Development Centre မှ Professor Dr.Khoo Kim Choo အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။** (မိခင်/ကလေး)

## မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စင်ကာပူအဖွဲ့ လာရောက်လေ့လာ

ရန်ကုန် မတ် ၁၉

Singapore Volunteers Overseas Programme-the Sunbird Child Development Centre မှ Professor Dr. Khoo Kim Choo နှင့် အဖွဲ့ဝင် နှစ်ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ယနေ့နံနက် ၁၁ နာရီတွင် ရောက်ရှိကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ကြိုဆိုကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပညာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဧည့်သည်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်း၌ မူကြိုကလေးငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုကြပြီး ကလေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၀-၃-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၅** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၀** | ၇။ သာယာသီကြွေးခတ်ဆန်းတေး |
| **၇:၅၅** | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၁၅** | ၁၁။ အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၁၀** | ၃။ လက်စွမ်းပြပဟန်ဂီတသံ |
| **၄:၁၅** | ၄။ အလွမ်းတေးပန်းချီချစ်သူဆီ |
| **၄:၃၅** | ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| **၄:၅၅** | ၆။ မျိုးချစ်တပ်မတော် |
| **၅:၂၅** | ၇။ ပညာခေတ် |
| **၅:၄၀** | ၈။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၀။ နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၁။ မိုးလေဝသသတင်း |
| **၆:၃၀** | ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၄၀** | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၃၁)** |
| **၈:၀၀** | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ မွေးမြူသုတ |
| | ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၁၃)** |
| | ၂၀။ သင့်အတွက်မနက်ဖြန် |
| | ၂၁။ အပိတ်နှုတ်ဆက်စကား |
| | ၂၂။ ပြီးပါပြီ။ |

# စက်မှုနိုင်ငံမဖြစ်သေးသမျှ စိုက်ပျိုးရေးကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းသွားရမည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက် သက်ဆိုင်ရာများက အားပေးကူညီ နိုင်ငံတော်ကဆောင်ရွက်ပေးထားသည့် အခြေခံအဆောက်အအုံများကို ပြည့်ပြည့်ဝဝအသုံးချပြီး ကြိုးကြိုးစားစားအလုပ်လုပ်မည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုဘဝမြင့်မားလာမည်

နေပြည်တော် မတ် ၁၉

**မကွေးတိုင်း မကွေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ နံနက် ၈ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။**

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်း၏ မြေသယံဇာတ၊ ရေသယံဇာတ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❑






**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အောင်လံမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဓာတ်မြေဩဇာ စက်ရုံ(ကျော်စွာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆင်ဘို–ဟိုပင်လမ်း မြေသားလမ်း ဖောက်လုပ်ထားမှုစစ်ဆေး ကောက်ကွေ့ချောင်း၌ တံတားတည်ဆောက်မည့်နေရာ ကြည့်ရှု

နေပြည်တော် မတ် ၁၉

**ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၆ရက် နံနက်ပိုင်းတွင် ဆင်ဘိုမြို့ရှိ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူငါးဧကစိုက်ခင်းအမှတ်(၂)အား သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်ရင်း အောင်စစ်သည်ခန်းမအနီးရှိ ရော်ဘာပျိုးဥယျာဉ်၌ ပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ထောပတ်ပျိုးပင် ၁၅၀၀ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူ၊ နှစ်ရှည်ပင် ရော်ဘာနှင့် စားသုံးသီးပင်များကို စိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်အောင် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားကြရန်နှင့် ဖြစ်ထွန်းအောင်မြင်မှုကိုလည်း စနစ်တကျ မှတ်တမ်းပြုစုထားရှိပြီး ပို၍ပို၍ တိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့မှဆင်ဘို–ဟိုပင်လမ်းအတိုင်း မြေသားလမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ နံနက် ၇နာရီတွင်ဆင်ဘို–ဟိုပင်လမ်း မိုင်တိုင်အမှတ် (၅၃/၂)အနီးရှိ ပိန်းခွန်ယန်သို့ ဆက်သွယ်ဖောက်လုပ်ထားသော မြေသားလမ်းကြောင်းသစ်လမ်းဆုံရာသို့ ရောက်ရှိကြပြီး လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆင်ဘို–ဟိုပင်လမ်းအတိုင်း **စာမျက်နှာ ၆ ကော်လံ ၁ သို့** ➪